# ၁၉၅၆ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။*

## [၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉။]
## (၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် )

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၂၊ အပိုဒ် (ဂ) နောက်တွင် အောက်ပါကို၊ အပိုဒ် (ဃ) အဖြစ် ထည့်သွင်းရမည်။

"(ဃ) 'ဘဏ္ဍာတော်နှစ်' ဆိုသည်မှာ၊ ဇိဇင်ဘာလ ၁ ရက်နေ့မှ အစပြုသော နှစ်ကိုဆိုလိုသည်။"

၃။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) တွင် "ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌမှတစ်ပါး" ဆိုသည့် စကားရပ်အစား "ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌမှတစ်ပါး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၉၊ အပိုဒ် (က) တွင် "ဥက္ကဋ္ဌ" ဆိုသည့် စကားရပ် အစား "ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၇၊ အပိုဒ် (ဃ) တွင် "ဥက္ကဋ္ဌအား" ဆိုသည့် စကားရပ်အစား "ဥက္ကဋ္ဌအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအားလည်းကောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉၊ အပိုဒ် (ဂ) တွင် "ဥက္ကဋ္ဌ" ဆိုသည့် စကားရပ် အစား "ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

❖ ❖ ❖ ❖ ❖

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း–၁၊ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်၊ စာမျက်နှာ – ၁၇၃၅။